# ဓမ္မခန္ဓာ (၆၅) ကွာရှင်းပြတ်စဲမှု (အလ် တွလာ့က်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၉)၊ သုတ်ဒေသနာ (၁၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

၁။ **يَا أَيُّهَا النَّبِيُّ إِذَا طَلَّقْتُمُ النِّسَاء فَطَلِّقُوهُنَّ لِعِدَّتِهِنَّ وَأَحْصُوا الْعِدَّةَ وَاتَّقُوا اللَّهَ رَبَّكُمْ لَا تُخْرِجُوهُنَّ مِن بُيُوتِهِنَّ وَلَا يَخْرُجْنَ إِلَّا أَن يَأْتِينَ بِفَاحِشَةٍ مُّبَيِّنَةٍ وَتِلْكَ حُدُودُ اللَّهِ وَمَن يَتَعَدَّ حُدُودَ اللَّهِ فَقَدْ ظَلَمَ نَفْسَهُ لَا تَدْرِي لَعَلَّ اللَّهَ يُحْدِثُ بَعْدَ ذَلِكَ أَمْرًا ۞**

အို သတင်းတော်ဆောင်၊ သင်တို့သည် အမျိုးသမီးတို့အား ကွာရှင်းကြသော်၊ သူမတို့အတွက် ရက်ရေတွက်လျှက် ကွာရှင်းကြလော့။ ရေတွက်ခြင်းကို အမှတ်စဉ်အတိုင်းဖြစ်စေလော့။ သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့။ သူမတို့အား သူမတို့၏အိမ်များမှ မောင်းမထုတ်ကြလင့်၊ ရှင်းလင်းစွာသော ကိုယ်ကျင့်ပျက်မှုမှ အပ ထွက်လည်း မသွားစေလင့်၊ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်း ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းအား စည်းဖေါက်သူသည် သူ့စရိုက်ကိုသူ မိုက်ကြေးခွဲသူ ဖြစ်၏။ ဤအစီအမံ ပြီးနောက် ပရမတ်ဘုရားရှင်က မည်သို့ ဆင့်ပြန်လိမ့်မည်ကို သင်တို့ မမှန်းဆနိုင်ကြချေ။[၁၀၆၂]

၂။ **فَإِذَا بَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ بِمَعْرُوفٍ أَوْ فَارِقُوهُنَّ بِمَعْرُوفٍ وَأَشْهِدُوا ذَوَيْ عَدْلٍ مِّنكُمْ وَأَقِيمُوا الشَّهَادَةَ لِلَّهِ ذَلِكُمْ يُوعَظُ بِهِ مَن كَانَ يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ وَمَن يَتَّقِ اللَّهَ يَجْعَل لَّهُ مَخْرَجًا ۞**

သူမတို့အတွက် သတ်မှတ်ကာလ ဆိုက်ရောက်ပြီးသော်၊ သူမတို့အား အသိအမှတ်ပြု၍ ထိန်းထားကြလော့၊ သို့မဟုတ် အသိအမှတ်ပြု ခွဲခွာကြစေလော့။ သင်တို့အနက်မှ တန်းတူညီမျှ ရပ်တည်သော သက်သေ ရှိစေ၍၊ ပရမတ်ဘုရားရှင် ဘက်၌ ရပ်တည်လျှက် သက်သေခံစေကြလော့။ ဤသည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလအား ယုံကြည်ခြင်း၌ ရှိသူတို့ အတွက် အဆုံးအမပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့် သူအတွက် အရှင်သည် ထွက်ပေါက်လမ်းကို စီစဉ်ပေး၍–[၁၀၆၃]

---

**(၁၀၆၂)** လင်းခန်းမယားခန်း ကွာရှင်းပြတ်စဲခြင်းကို ရိုးရာ အစဉ်အလာဖြင့် ဆုံးဖြတ်ခြင်းကို အစ္စလာမ်သာသနာက လက်မခံချေ။ လင်မယား ကွာရှင်း လိုလျှင် အမျိုးသမီးအား စောင့်ဆိုင်းကာလ အတိုင်း စောင့်ဆိုင်းနေစေရမည် ဖြစ်သည်။ စောင့်ဆိုင်းကာလကို ၂း၂၂၈ တွင် ပြဋ္ဌာန်းထားသည်။ ထိုစောင့်ဆိုင်းကာလကို သဘာဝအတိုင်း မဟုတ်သော နည်းဖြင့် ဆေးသောက်ခြင်း၊ ဆေးထိုးခြင်းများဖြင့် ပြုပြင်ပြောင်းလဲခြင်း မပြုနိုင်စေရန် ၆၅း၄ တွင်လည်း အတိအကျ ပြောဆိုထားသည်။ ဤစောင့်ဆိုင်းကာလ အတွင်းတွင် လင်ယောကျ်ား ဖြစ်သူသည် အမျိုးသမီးအား ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်း စိတ်ညစ်၍ ထွက်ပြေးအောင် လုပ်ခြင်းများ လုံးဝ မပြုလုပ်ရပေ။ အမျိုးသမီးအနေဖြင့် နောက်အိမ်ထောင်ပြု၍ အိမ်မှ ထွက်ပြေးသွားခြင်းသည် ချွင်းချက်ဖြစ်သည်ဟု ဤသုတ်တော်တွင် အတိအကျ ပြောဆိုသည်။ ထို့ပြင်– အကယ်၍ အမျိုးသမီးများအား ကွာရှင်းပြတ်စဲ လမ်းခွဲခဲ့သော်—သူမတို့အား စတင်လက်ထပ်ပေါင်းစည်းစဉ်က ပေးခဲ့သော လက်ဆောင်ပစ္စည်း (မဟာရ်)မျှကိုသာ ပေးလိုက်ခြင်းကိုလည်း ဤ သုတ်တော်မှ တားမြစ်ထားသည်။ လင်မယားအဖြစ် ပေါင်းစည်းချိန်မှစ၍ မိသားစု၏ လက်ထက်ပွားပစ္စည်း အားလုံးသည် အမျိုးသမီးပိုင် ဖြစ်ကြောင်း ဤသုတ်တော်တွင် မိသားစုနေထိုင်သော အိမ်အား **ဘိုယူးတိဟင်းန** သူမတို့၏ အိမ်များ ဟု အတိအကျ သုံးထားပေသည်။ အကယ်၍ အမျိုးသမီးဘက်မှ ဖေါက်ပြန်နောက်မီးလင်း၍ ဆင်းသွားခြင်း မဟုတ်ဘဲ ရိုးရိုးကွာရှင်းခဲ့သော် ယောကျ်ားမှသာ ထိုအိမ်မှ ဆင်းသွားရမည် ဖြစ်သည်။

**(၁၀၆၃)** ကျမ်းမြတ်ကုရ်အာန်၏ ချမှတ်ပြဋ္ဌာန်းပေးသော စည်းကမ်းအရ သမာဓိရှိသော သက်သေသက်ကန် မရှိဘဲ ကွာရှင်းပြတ်စဲခြင်းသည် အထမြောက်သော ကွာရှင်းခြင်း မဟုတ်ချေ။ ကျမ်းမြတ်ကုရ်အာန်အား နေ့စဉ်နှင့်အမျှ ဖတ်ရွတ်နေသော ဆရာတော်ကြီးများ အနေဖြင့် ဤသို့ ရှင်းလင်းသော ဥပဒေများကို ပိုမို နားလည်၍ ပိုမို ဂရုစိုက်သင့်ပေသည်။

| | |
|---|---|
| ၃။ | وَيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ وَمَن يَتَوَكَّلْ عَلَى اللَّهِ فَهُوَ حَسْبُهُ إِنَّ اللَّهَ بَالِغُ أَمْرِهِ قَدْ جَعَلَ اللَّهُ لِكُلِّ شَيْءٍ قَدْرًا ۞<br>သူ မစဉ်းစားထားသော နေရာများမှ ရိက္ခာများထောက်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်အား ကိုးစားသူ၊ သူ့အတွက် ပရမတ်ဘုရားရှင်သည် စရင်းချုပ်ဖြစ်၏၊ အရှင်သည် ညွှန်ကြားချက်အား ဆိုက်ရောက်စေတော်မူလတ္တံ့။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား မုချ စည်းချိန်ချ စီစဉ်တော်မူ၏။ |
| ၄။ | وَاللَّائِي يَئِسْنَ مِنَ الْمَحِيضِ مِن نِّسَائِكُمْ إِنِ ارْتَبْتُمْ فَعِدَّتُهُنَّ ثَلَاثَةُ أَشْهُرٍ وَاللَّائِي لَمْ يَحِضْنَ وَأُوْلَاتُ الْأَحْمَالِ أَجَلُهُنَّ أَن يَضَعْنَ حَمْلَهُنَّ وَمَن يَتَّقِ اللَّهَ يَجْعَل لَّهُ مِنْ أَمْرِهِ يُسْرًا ۞<br>သင်တို့၏ အမျိုးသမီးများမှ ရာသီသွေး ဆုံးပါး၍ သူမတို့အတွက် သံသယ ဖြစ်နေလျှင် သူမတို့၏ ရေတွက်ရက်မှာ သုံးလ ဖြစ်စေရမည်။ ရာသီသွေးမပေါ်သော သူမ– သူမသည် ကိုယ်ဝန်ဆောင်ဖြစ်လျှင် သူမတို့၏ သတ်မှတ်ကာလမှာ သူမတို့၏ ရှိနေသော ကိုယ်ဝန်ကို မွေးဖွားပြီးချိန်ထိ ဖြစ်စေရမည်။ ပရမတ်ဘုရားရှင်အား စည်းစောင့်သူ၊ သူ့အတွက် အရေးကိစ္စများကို လွယ်ကူစေရန် အရှင်က စီစဉ်ပေးမည်ပင်။ |
| ၅။ | ذَلِكَ أَمْرُ اللَّهِ أَنزَلَهُ إِلَيْكُمْ وَمَن يَتَّقِ اللَّهَ يُكَفِّرْ عَنْهُ سَيِّئَاتِهِ وَيُعْظِمْ لَهُ أَجْرًا ۞<br>ဤသည် သင်တို့ထံသို့ ချမှတ်ပေးသော ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်များပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့်သူ ထိုသူ၏ အကုသိုလ်များကို ဖုံးကွယ်ပေး၏၊ ဂုဏ်ဒြပ်ကြီးသော ဆုလဒ်သည် သူ့အတွက်ဖြစ်လတ္တံ့။ |
| ၆။ | أَسْكِنُوهُنَّ مِنْ حَيْثُ سَكَنتُم مِّن وُجْدِكُمْ وَلَا تُضَارُّوهُنَّ لِتُضَيِّقُوا عَلَيْهِنَّ وَإِن كُنَّ أُولَاتِ حَمْلٍ فَأَنفِقُوا عَلَيْهِنَّ حَتَّى يَضَعْنَ حَمْلَهُنَّ فَإِنْ أَرْضَعْنَ لَكُمْ فَآتُوهُنَّ أُجُورَهُنَّ وَأْتَمِرُوا بَيْنَكُم بِمَعْرُوفٍ وَإِن تَعَاسَرْتُمْ فَسَتُرْضِعُ لَهُ أُخْرَى ۞<br>သင်တို့ သွားတွေ့နိုင်သော သင်တို့၏ နေထိုင်ရာ နေရာများ၌ သူမတို့အား နေထိုင်စေကြလော့။ သူမတို့အား စိတ်ကျပ်တည်းစေရန် ဒုက္ခမပေးနှင့်။ သူမတို့သည် ကိုယ်ဝန်ဆောင်များ ဖြစ်ကြလျှင် သူမတို့၌ ရှိနေသော ကိုယ်ဝန်အား မွေးဖွားပြီးသည် အထိ ပေးကမ်းသုံးစွဲကြလော့။ သင်တို့ကိုယ်စား နို့တိုက်ကျွေးသူ ဖြစ်လျှင် သူမတို့အား အကျိုးဆုလဒ် ပေးကြလော့။ သင်တို့ချင်းကြား အသိအမှတ်ပြု စီမံပြောဆိုကြလော့။ သင်တို့သည် အခက်အခဲဖြစ်နေလျှင် အခြား တစ်ဦးအား ၎င်းအတွက် နို့ထိန်းဖြစ်စေလော့။ |
| ၇။ | لِيُنفِقْ ذُو سَعَةٍ مِّن سَعَتِهِ وَمَن قُدِرَ عَلَيْهِ رِزْقُهُ فَلْيُنفِقْ مِمَّا آتَاهُ اللَّهُ لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا مَا آتَاهَا سَيَجْعَلُ اللَّهُ بَعْدَ عُسْرٍ يُسْرًا ۞<br>ကျယ်ကျယ်ပြန့်ပြန့် ပိုင်သူအား ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေ၍၊ စည်းကြပ်မတ်ခံရသူသည် ပရမတ်ဘုရားရှင် ချီးမြှင့်သလောက် ရိက္ခာဖြင့် သုံးစွဲစေလော့။ ပရမတ်ဘုရားရှင်သည် မည်သည့် ဥာဉ်စရိုက်ကိုမျှ အရှင် ချီးမြှင့်သည်ထက် ပိုမထမ်းစေရ။ ပရမတ်ဘုရားရှင်သည် ခက်ခဲမှုနောက်၌ လွယ်ကူမှုကို စီစဉ်ပေးတော်မူမည်ပင်။ |
| ၈။<br>အသစ် | وَكَأَيِّن مِّن قَرْيَةٍ عَتَتْ عَنْ أَمْرِ رَبِّهَا وَرُسُلِهِ فَحَاسَبْنَاهَا حِسَابًا شَدِيدًا وَعَذَّبْنَاهَا عَذَابًا نُّكْرًا ۞<br>မည်မျှသော အရပ်ဒေသတို့သည် ကံကြမ္မာရှင်၏ ညွှန်ကြားချက်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင်အား အာခံကြသနည်း၊ သို့ဖြင့် အရှင်သည် ပြတ်သားသော စရင်းရှင်းခြင်းဖြင့် စရင်းရှင်းတော်မူခဲ့၏။ ထို့နောက် **မကြုံဘူး**သည့် ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေခဲ့၏။ |
| ၉။ | فَذَاقَتْ وَبَالَ أَمْرِهَا وَكَانَ عَاقِبَةُ أَمْرِهَا خُسْرًا ۞<br>၎င်း အစီအမံများ၏ အကျိုးဆက်ကို မြည်းစမ်းစေ၏။ ၎င်း၏ နိဂုံးချုပ် အစီအမံမှာ ပျက်စီးဆုံးရှုံးခြင်းပင် ဖြစ်၏။ |

၁၀။ **أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا فَاتَّقُوا اللَّهَ يَا أُوْلِي الْأَلْبَابِ الَّذِينَ آمَنُوا قَدْ أَنزَلَ اللَّهُ إِلَيْكُمْ ذِكْرًا ۞**

ပရမတ်ဘုရားရှင်သည် သူတို့အတွက် ပြင်းထန်သော ဝဋ်ကြွေးကို တွက်ချက်ပြင်ဆင်ထားပြီ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလေ့။ အို သဘောပေါက်နိုင်စွမ်း ရှိသူတို့၊ ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်သည် သင်တို့ထံသို့ မုချ ချမှတ်ပေးသည့် သတိဖေါ်တရားဖြစ်သော–

၁၁။ **رَّسُولًا يَتْلُو عَلَيْكُمْ آيَاتِ اللَّهِ مُبَيِّنَاتٍ لِّيُخْرِجَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنَ الظُّلُمَاتِ إِلَى النُّورِ وَمَن يُؤْمِن بِاللَّهِ وَيَعْمَلْ صَالِحًا يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا قَدْ أَحْسَنَ اللَّهُ لَهُ رِزْقًا ۞**

ဉာဏ်စဉ်ဆောင်တစ်ပါးသည် ပရမတ်ဘုရားရှင်၏ ရှင်းလင်းချက် သုတ်ဒေသနာများကို သင်တို့အား ဖတ်ပြပြီ– ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများအား အမိုက်မှောင်မှ အလင်းရောင်သို့ ထွက်လာစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်အား ယုံကြည်၍၊ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူအား အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဉယျာဉ်ဘုံများသို့ ဝင်ရောက်စေ၍၊ ထိုဉ္ဇ ထာဝရ ကာလမဲ့ စံစားစေမည်ပင်။ သူ့အတွက် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာ ရှိသော ရိက္ခာကို မုချထောက်ပံ့မည်။

၁၂။ **اللَّهُ الَّذِي خَلَقَ سَبْعَ سَمَاوَاتٍ وَمِنَ الْأَرْضِ مِثْلَهُنَّ يَتَنَزَّلُ الْأَمْرُ بَيْنَهُنَّ لِتَعْلَمُوا أَنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ وَأَنَّ اللَّهَ قَدْ أَحَاطَ بِكُلِّ شَيْءٍ عِلْمًا ۞**

ပရမတ်ဘုရားရှင် အရှင်သည် မိုးများနှင့် မြေကမ္ဘာ ၎င်းတို့နှင့် အလားတူ ခုနစ်ဆက်ကို ဖြစ်တည်စေတော်မူ၍၊ ၎င်းတို့၏ကြား၌ ညွှန်ကြားချက်ကို ချမှတ်တော်မူခြင်းမှာ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူကြောင်းကို သိနိုင်စေရန် ဖြစ်၏။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား အသိကွန်ယက်ဖြင့် ဝန်းရံထားတော်မူ၏။[၁၀၆၄]

---

**(၁၀၆၄)** ဤသုတ်တော်တွင် အလားတူသော အာကာသနှင့် မြေကမ္ဘာ ခုနစ်ဆက် (မရေတွက်နိုင်သော အစဉ်အဆက်များ) ရှိနေကြောင်းကို ရှင်းလင်းစွာ ပြောဆိုထားပေသည်။ ထိုသို့ ပြောဆိုခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ဖြစ်၍၊ မည်သည့် သိပ္ပံဆိုင်ရာ ကရိယာ အထောက်အထား ရှာဖွေ တွေ့ရှိချက်များမှ မရှိသေးပေ။ ထိုသို့သော အချိန်ကာလကပင် ဤသုတ်တော်အပါအဝင် ကျမ်းတော်၏ မြောက်များစွာသော နေရာများ၌ သာမန်လူသားတို့ မံသမျက်လုံးဖြင့် မမြင်နိုင်သော အရာများကို အတိအကျ ပြောဆိုထားခြင်းများ ရှိပေသည်။ ထိုအချင်းအရာသည်ပင် ကိုယ်တော်မုဟမ္မဒ်မှာ သဗ္ဗညုတ ဉာဏ်တော်သို့ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများ ဖြစ်တော့သည်။ (အာကာ ခုနစ်ဆက်– ကို ၂း၂၉ တွင်လည်းကောင်း၊ ၂၃း၁၇ တွင်လည်းကောင်း ကြည့်ရှုပါ။)